Burmese | မြန်မာ

# ၂၀၂၆ ခုနှစ်အတွက် မူလတန်းကျောင်းအပ်ခြင်း



အကြိုသင်တန်း (Prep ဟုလည်း ခေါ်သည်)သည် ဗစ်တိုးရီးယားပြည်နယ်ရှိ မူလတန်းကျောင်း ပထမနှစ် ဖြစ်သည်။

သင့်ကလေးသည် ၂၀၂၇ ဧပြီ ၃၀ ရက်မတိုင်မီ အသက် ၅ နှစ်ပြည့်ပါက ကျောင်းစတက်နိုင်ပါသည်။
သင့်ကလေး အသက် ၆ နှစ်ပြည့်ပါက ကျောင်းမတက်နေရ ဖြစ်ပါသည်။

## မည်သည့်အချိန်တွင် လျှောက်ထားနိုင်ပါသလဲ။

၂၀၂၇ ဗစ်တိုးရီးယားပြည်နယ် အစိုးရ မူလတန်းကျောင်းတွင် ကျောင်းအပ်ရန် လျှောက်လွှာများကို-

- **၂၀၂၆ ဧပြီ ၂၀ ရက် တနင်္လာနေ့**မှစ၍ လက်ခံပါသည်
- **၂၀၂၆ ဇူလိုင် ၃၁ ရက် သောကြာနေ့နောက်ဆုံးထား၍ တင်သွင်းရပါမည်။**

## ကလေး၏ ကျောင်းအပ်ရန် အခွင့်အရေးများမှာ အဘယ်နည်း။

*ပညာရေးနှင့်လေ့ကျင့်ရေးမူသစ်ဥပဒေ ၂၀၀၆ (Education and Training Reform Act 2006)* အရ ဗစ်တိုးရီးယားတွင် သင့်ကလေးသည် ရပ်ကွက်တွင်းရှိ သတ်မှတ်ကျောင်း (သင့် 'ရပ်ကွက်ကျောင်း')ကို တက်ရောက်နိုင်ခွင့်ရှိသည်။ ရပ်ကွက်ကျောင်းကို သင်၏အမြဲနေထိုင်ရာလိပ်စာအပေါ် မူတည်၍ ကျောင်းနယ်မြေအားဖြင့် သတ်မှတ်ပါသည်။ ကျောင်းအပ်ခြင်းဆိုးဖြတ်ချက်အကြောင်းလေ့လာရန် Enrolling in schoolတွင် ကြည့်ရှုပါ။

## ကလေးအား မူလတန်းကျောင်းပထမနှစ်အတွက် မည်သို့ ကျောင်းအပ်နှံရမည်နည်း။

သင့်ကလေးအတွက် မူလတန်းကျောင်းပထမနှစ်ကျောင်းအပ်ပုံကို အောက်တွင် ဖော်ပြထားပါသည်-

1. **သင့်ရပ်ကွက်ကျောင်းကို ရှာပါ**
   သင့်ရပ်ကွက်တွင်းရှိအစိုးရမူလတန်းကျောင်း သို့မဟုတ် အနီးနားရှိကျောင်းများကို ရှာဖွေရန် www.findmyschool.vic.gov.au သို့ ဝင်ရောက်ကြည့်ရှုပါ။

2. **ကျောင်းကို ဆက်သွယ်ပါ**
   ကျောင်းလေ့လာရေးကို သွားရောက်ကြည့်ရှုလိုပါက ထိုမူလတန်းကျောင်းကို ဆက်သွယ်ပါ။ ထိုကျောင်းသည် အွန်လိုင်းစနစ် (VicStudents) သို့မဟုတ် လျှောက်လွှာပုံစံစနစ်အသုံးပြုမည်ကို မေးမြန်းပါ။ ဤအကြောင်းကို ထိုကျောင်း၏ ဝဘ်ဆိုက်မှတစ်ဆင့် ရရှိနိုင်ပါသည်။

3. **သတင်းထုတ်ပြန်ချက်အစုံကို ဒေါင်းလုဒ်ဆွဲယူပါ**
   Enrolling in Foundation (Prep) မှ အကြိုသင်တန်း (Prep) ကျောင်းအပ်နှံခြင်းသတင်းထုတ်ပြန်ချက်အစုံကို ဒေါင်းလုဒ် ဆွဲယူပါ။
   သတင်းထုတ်ပြန်ချက်အစုံကို ၂၀၂၆ ဧပြီ ၂ ရက် ကြာသပတေးနေ့မှစ၍ ရရှိနိုင်ပါမည်။

4. **သင့်ကျောင်းအပ်လျှောက်လွှာကို တင်သွင်းပါ**
   ကျောင်းအပ်လျှောက်လွှာကို ထိုကျောင်းဝဘ်ဆိုက်တွင်ဖော်ပြထားသောကျောင်း၏လုပ်ငန်းစဉ်အရ **၂၀၂၆ ဇူလိုင် ၃၁ ရက် သောကြာနေ့ နောက်ဆုံးထား၍** အွန်လိုင်းဖြစ်စေ (VicStudents) သို့မဟုတ် လျှောက်လွှာပုံစံသုံးခြင်းဖြင့်ဖြစ်စေ တင်သွင်းပါ။

5. **ကျောင်းအပ်အဖြေ ရယူပါ**
   **၂၀၂၆ ဩဂုတ် ၃ ရက် တနင်္လာနေ့မှ ၂၀၂၆ ဩဂုတ် ၁၄ ရက် သောကြာနေ့အတွင်း** သင်၏ကျောင်းအပ်လျှောက်လွှာအဖြေကို သင့်အား အကြောင်းကြားပါမည်။ ကျောင်းလက်ခံကြောင်းစာ သင်ရရှိပါက **၂၀၂၆ ဩဂုတ် ၂၈ ရက် သောကြာနေ့ နောက်ဆုံးထား၍** လက်ခံ ရမည်။

6. **သင့်ကလေး၏ ကျောင်းတက်ရန် ကူးပြောင်းကာလကို ကြိုတင်ပြင်ဆင်ပါ**
   ၂၀၂၆ စတုတ္ထသုံးလပတ်အတွင်းကျင်းပသည့် ကျောင်းကူးပြောင်းကာလ ရှင်းလင်းပွဲများကို တက်ရောက်ပါ။ သင့်ကလေးသည် **၂၀၂၇ ဇန်နဝါရီ ၂၈ ရက် ကြာသပတေးနေ့**မှစ၍ အကြိုသင်တန်းကို စတင်တက်ပါမည်။

## မိမိရပ်ကွက်ကျောင်းကို မည်သို့ ရှာရမည်နည်း။

Find my School ဝက်ဘ်ဆိုက်တွင် သင့်ရပ်ကွက်ကျောင်းကို အောက်ပါအတိုင်း ရှာပါ-

1. သင်၏ အင်တာနက်တွင် www.findmyschool.vic.gov.au ကို ရိုက်ထည့်ပါ။
2. သင့် အမြဲနေထိုင်သည့်လိပ်စာကို 'Enter your address to get started' အောက်တွင် ရိုက်ထည့်ပါ။
3. 'Enrolment year' အောက်တွင် ၂၀၂၆ ကို ရွေးချယ်ပါ။ **၂၀၂၇ အတွက် ကျောင်းနယ်မြေများကို ၂၀၂၆ ဧပြီ ၂ ရက် ကြာသပတေးနေ့မှစတင် ရရှိနိုင်ပါသည်။**
4. 'School type' အောက်တွင် Primaryကို ရွေးပါ။

ထို့နောက် မြေပုံတွင် သင့်လိပ်စာ၊ သင့် ရပ်ကွက်ကျောင်းနှင့် လက်ဝဲဘက်အခြမ်းရှိ ကျောင်းသို့ဆက်သွယ်ရန်အသေးစိတ်များ ပြသထားပါမည်။ အောက်တွင် သင့်အိမ်နှင့်အနီးဆုံး ငါးကျောင်းကိုလည်း ပြသပါမည်။ 'Search for school' အောက်တွင် ကျောင်းအမည်သုံး၍လည်း ရှာနိုင်ပါသည်။

## ကျောင်းအပ်လျှောက်လွှာ မအောင်မြင်ပါက မည်သို့ဖြစ်မည်နည်း။

သင့်ကျောင်းအပ်လျှောက်လွှာ မအောင်မြင်ပါက၊ အောက်ပါတို့ကို သင်လုပ်ဆောင်နိုင်ပါသည်-

- **အခြားကျောင်း**သို့ လျှောက်ထားပါ။ သင့်ကလေး ရပ်ကွက်ကျောင်းတွင် ကျောင်းတက်နိုင်ရန် အာမခံပါသည်။ **Find my School** တွင် သင့်ကလေး၏ရပ်ကွက်ကျောင်းကို ရှာဖွေပါ။
- ဆုံးဖြတ်ချက်ကို အသနားခံစာတင်ပါ။ Enrolling in Foundation (Prep) စာမျက်နှာတွင် ကျောင်းလျှောက်လွှာအဖြေအား အသနားခံစာ တင်ရန်ဖြစ်စဉ်နှင့်ပတ်သက်၍ ထုတ်ပြန်ချက်များ ရှိပါသည်။

## ကျောင်းအပ်ကာလ ကျော်လွန်သွားပါက ဘာဖြစ်မည်နည်း။

**၂၀၂၆ ဧပြီ ၂၀ ရက် တနင်္လာနေ့မှစ၍** ၂၀၂၇ ပညာသင်နှစ်အတွက် သင့်ကလေးအား အကြိုသင်တန်းကျောင်းအပ်ရန် အချိန်မရွေး လျှောက်နိုင်ပါသည်။ **၂၀၂၆ ဇူလိုင် ၃၁ ရက် သောကြာနေ့နောက်ဆုံးထား၍ ကျောင်းအပ်လျှောက်လွှာတင်ရန်** သတ်မှတ်သော်လည်း၊ သတ်မှတ်ရက် ကျော်လွန်သွားသော မိသားစုများ၊ အမြဲတမ်းနေထိုင်ခွင့်ရသွားသော မိသားစုများ သို့မဟုတ် ဗစ်တိုးရီးယားသို့ အသစ်ရောက်ရှိလာသောမိသားစုများမှ သတ်မှတ်ရက် နောက်ကျ၍ တင်သွင်းသော လျှောက်လွှာများကို လက်ခံသွားမည်ဖြစ်သည်။

**၂၀၂၆ ဇူလိုင် ၃၁ ရက်နောက်ပိုင်း တင်သွင်းသော ကျောင်းအပ်လျှောက်လွှာများကို** ပညာရေးဌာန၏ ကျောင်းဝင်ခွင့်မူဝါဒနှင့်အညီ ကျောင်းအပ် လျှောက်လွှာများ **လက်ခံရရှိသည်နှင့်တစ်ပြိုင်နက်** မူလတန်းကျောင်းမှ စီမံလုပ်ဆောင်ပေးပါမည်။

## မူလတန်းကျောင်းအပ်နှံခြင်းနှင့်ပတ်သက်၍ နောက်ထပ် ထုတ်ပြန်ချက်များကို မည်သည့်နေရာမှ ရရှိနိုင်ပါသလဲ။

အကြိုသင်တန်းအပ်ခြင်းနှင့်ပတ်သက်၍ နောက်ထပ်ထုတ်ပြန်ချက်များကို သင်၏ ရပ်ကွက်မူလတန်းကျောင်းကို မေးမြန်းနိုင်ပါသည်။

**၂၀၂၆ ဧပြီ ၂၀ ရက် တနင်္လာနေ့**မှစ၍ Enrolling in Foundation (Prep) စာမျက်နှာတွင်လည်း အကြိုသင်တန်းကျောင်းအပ်လုပ်ငန်းစဉ်ဆိုင်ရာ ထုတ်ပြန်ချက်အစုံကို ရရှိနိုင်ပါသည်။

အကယ်၍ ထုတ်ပြန်ချက်အစုံကို ဘာသာပြန်ပေးရန် အကူအညီ လိုအပ်ပါက သင့်ရပ်ကွက် မူလတန်းကျောင်းနှင့် ဆွေးနွေးပါ။

## အကူအညီရရန် မည်သူအား ဆက်သွယ်ရမည်နည်း။

ကျောင်းအပ်နှံခြင်းအကြောင်းမေးခွန်းများကို သင်လျှောက်ထားလိုသည့် မူလတန်းကျောင်းမှ ကျောင်းတက်ချိန်ကနဦးကာလညှိနှိုင်းရေးမှူး၊ ကျောင်းလက်ခံရေးတာဝန်ခံ သို့မဟုတ် ကျောင်းအုပ်ကြီးက ဖြေကြားပေးနိုင်ပါသည်။

## အသုံးဝင်သော အချိတ်အဆက်လင့်ခ်များ

သင့်ကလေး မူလတန်းကျောင်းစနေစဉ် အထောက်အကူပြုအသုံးဝင်နိုင်သော အချိတ်အဆက်လင့်ခ်အချို့ အောက်တွင် ရှိပါသည်။

ကျောင်းရှာရန် – findmyschool.vic.gov.au

ကျောင်းဇုန်နယ်မြေများနှင့်ပတ်သက်သည့် အကြောင်း –vic.gov.au/school-zones

ဖေါင်ဒေးရှင်းအတန်း ကျောင်းအပ်နှံခြင်း– vic.gov.au/enrolling-foundation-prep

ကျောင်းအပ်နှံခြင်း – vic.gov.au/how-choose-school-and-enrol

မသန်စွမ်းသူနှင့်လူတိုင်း သင်ကြားနိုင်သည့် ပညာရေး – vic.gov.au/disability-and-inclusive-education

ဒေသခံ ရုံး အဆက်အသွယ်များ– vic.gov.au/office-locations-department-education-and-training

# ၂၀၂၇ အကြိုသင်တန်း (Prep) ကျောင်းအပ်ခြင်း အချိန်ဇယား

| ၂၀၂၆ ရက်စွဲများ | မိဘများ/အုပ်ထိန်းများ လုပ်ဆောင်ရမည်များမှာ အဘယ်နည်း။ |
|---|---|
| **ပထမသုံးလပတ်** | **၂၀၂၆ ဇန်နဝါရီ၂၇ရက် အင်္ဂါနေ့(ဇန်နဝါရီ၂၈ရက်တွင် ကျောင်းစမည်) – ဧပြီ ၂ ရက် ကြာသပတေးနေ့** |
| **၂၀၂၆ ပထမနှင့် ဒုတိယ သုံးလပတ်** | • **မူလတန်းကျောင်းများမှ စီစဉ်သော ကျောင်းလေ့လာရေးများကို တက်ရောက်ကြည့်ရှုပါ** *(သွားလိုပါက)*။ |
| **၂၀၂၆ ဧပြီ ၂ ရက် ကြာသပတေးနောက်ဆုံးထား၍** | • ၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းနယ်မြေများ ရရှိနိုင်ပါသည်။ သင်၏ ရပ်ကွက်ကျောင်းကို **www.findmyschool.vic.gov.au** တွင်တွေ့ရှိနိုင်ပါသည်။ |
| **ဒုတိယသုံးလပတ်** | **၂၀၂၆ ဧပြီ ၂၀ ရက် တနင်္လာနေ့ - ၂၀၂၆ ဇွန် ၂၆ ရက် သောကြာနေ့** |
| **၂၀၂၆ ဧပြီ ၂၀ ရက် တနင်္လာနေ့မှစ၍** | • ဒုတိယသုံးလပတ်မှစ၍ **သင့်ကလေး၏ လျှောက်လွှာကို ဖြည့်စွက်တင်သွင်းပါ** - ကျောင်းမှညွှန်ကြားသည့်အတိုင်း အွန်လိုင်း သို့မဟုတ် ကျောင်းအပ်သတင်းထုတ်ပြန်ချက်အစုံပါလျှောက်လွှာပုံစံဖြင့် တင်သွင်းပါ။<br>• သင်သည် **အသေးစိတ်အချက်အလက်များအတွက်** Enrolling in Foundation (Prep) မှ ကျောင်းအပ်သတင်းထုတ်ပြန်ချက်အစုံ **ဒေါင်းလုဒ် ဆွဲယူနိုင်ပါသည်**။ |
| **တတိယသုံးလပတ်** | **၂၀၂၆ ဇူလိုင် ၁၃ ရက် တနင်္လာနေ့ - စက်တင်ဘာ ၁၈ ရက် သောကြာနေ့** |
| **၂၀၂၆ ဇူလိုင် ၃၁ ရက် သောကြာနေ့ နောက်ဆုံးထား၍** | • **သင်၏ ဖြည့်စွက်ထားသော လျှောက်လွှာကို** ဤရက်နောက်ဆုံးထား၍ မူလတန်းကျောင်းသို့ တင်သွင်းပါ။ |
| **၂၀၂၆ ဩဂုတ် ၃ ရက် တနင်္လာနေ့မှ ၂၀၂၆ ဩဂုတ် ၁၄ ရက် သောကြာနေ့အတွင်း** | • **ဤကာလအတွင်း မူလတန်းကျောင်းများသည် ကျောင်းအပ်အဖြေများကို သင့်အား စာဖြင့်** အကြောင်းကြားပါမည်။<br>• သင့်လျှောက်လွှာ မအောင်မြင်ပါက ထိုမူလတန်းကျောင်းတွင် အသနားခံစာ တင်သွင်းနိုင်ပါသည်။ |
| **၂၀၂၆ ဩဂုတ် ၂၈ ရက် သောကြာနေ့ နောက်ဆုံးထား၍** | • **ကျောင်းလက်ခံကြောင်းစာဖြင့်ပူးတွဲထားသော ကျောင်းအပ်ပုံစံ**ကိုဖြည့်စွက်ခြင်းဖြင့် သင့်ကလေးအား ကျောင်းမှလက်ခံလိုက်သည်ကို အတည်ပြုပေးပါ။<br>• အသနားခံစာတင်ရန် ရည်ရွယ်ပါက သင့်မူလတန်းကျောင်းသို့ ဩဂုတ် ၂၈ ရက် သောကြာနေ့ နောက်ဆုံးထား၍ စာဖြင့် တင်သွင်းပါ။ |
| **၂၀၂၆ စက်တင်ဘာ ၁၁ ရက် သောကြာနေ့ နောက်ဆုံးထား၍** | • မူလတန်းကျောင်းများသည် အသနားခံစာအဖြေများကို သင့်အား စာဖြင့်အကြောင်းကြားပေးပါမည်။ |
| **၂၀၂၆ စက်တင်ဘာ ၁၈ ရက် သောကြာနေ့ နောက်ဆုံးထား၍** | • အကယ်၍ မူလတန်းကျောင်းသို့ အသနားခံစာ မအောင်မြင်ပါက သက်ဆိုင်ရာ ဒေသညွှန်ကြားရေးမှူးထံ စာဖြင့် အသနားခံစာ တင်သွင်းနိုင်ပါသည်။ |
| **စတုတ္ထသုံးလပတ်** | **၂၀၂၆ အောက်တိုဘာ ၅ ရက် တနင်္လာနေ့ - ဒီဇင်ဘာ ၁၈ ရက် သောကြာနေ့** |
| **၂၀၂၆ စတုတ္ထသုံးလပတ်** | • မူလတန်းကျောင်းများမှ စီစဉ်ပြုလုပ်သော ကျောင်းကူးပြောင်းကာလ ရှင်းလင်းပွဲများသို့ တက်ရောက်ပါ။ |
| **၂၀၂၆ နိုဝင်ဘာ ၆ ရက် သောကြာနေ့ နောက်ဆုံးထား၍** | • ဒေသညွှန်ကြားရေးမှူးထံ အသနားခံစာတင်သွင်းထားပါက ဒေသဆိုင်ရာဌာနက ဤရက်နောက်ဆုံးထား၍ အဖြေကို စာဖြင့် သင့်အား အကြောင်းကြားပေးပါမည်။ ၎င်းသည် စက်တင်ဘာ ၁၈ ရက် သောကြာနေ့ လျှောက်လွှာပိတ်ရက်အထိ လက်ခံရရှိသော အသနားခံစာများအတွက်သာ သက်ဆိုင်သည်။ |